# Highlights from DVB Debate's Reforming Bus Service Show

# February 4, 2017

# "Is the new Yangon Bus Service better?"

"မ.ထ.သ စနစ်ကနေ ပိုင်ဘီအက်စ် စနစ်ပြောင်းတာ မမှားဘူး ပြင်ဆင်မှုတွေ အားနည်းခဲ့တာ မှားတယ်"

ဦးမင်းဇင်ဂင်း - အထွေထွေအတွင်းရေးမှူး၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း

---

"တလကြာရင် ပြန်စိစစ်မယ်။ လမ်းကြောင်း ဘယ်နေရာ ထားရမယ်ဆိုတာတွေ ပြန်စိစစ်ဖို့ရှိမယ်။ ပင်မလမ်းကြောင်းကြီးကတော့ သွားနေမယ်လေ ဘယ်လမ်းကြောင်းကနေ ဘယ်လို ချိတ်မလဲ ဆိုတာမျိုးက အစ လုပ်မှာပါ။ နောက် ကျနော်တို့ဆီက အခြေခံအဆောက်အဦပိုင်း အရမ်းအားနည်းခဲ့တယ် ခေတ်အဆက်ဆက်လည်း ထောက်ပြခဲ့တယ်။ ခေတ်အဆက်ဆက်လည်း မလုပ်ခဲ့ဘူး အခုဒါတွေအားလုံး လာဆောင့်ပြီးဖြစ်တာပဲ"

ဦးအောင်မြင့် - အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့

---

"ကျနော်တို့မှာ ထွက်ပေါက်တခုရှိတယ်။ မြို့ ၄ မျက်နှာမှာ ၃ မျက်နှာက ရေရှိတယ်။ ရေကြောင်းပို့ဆောင်ရေးကိုလည်း ပြည်သူတွေသွားဖို့ သုံးဖို့ထည့်ပါလို့ ကျနော်တို့ အကြံပြုတယ်။ ငမိုးရိပ်ချောင်းကိုကြည့်မယ် လက်ဂဲ လက်ယာမှာ ကြည့်လိုက်ရင် လူဦးရေထူထပ်တဲ့ ရပ်ကွက်တွေ ရှိတယ်. ဒါပေမယ့် အရင်က ရေကြောင်းပို့ဆောင်ရေးကို စိတ်မဝင်စားခဲ့တော့ တံတားတွေ ဆောက်လိုက်တော့ သင်္ဘောသွားဖို့ ကင်းလွတ်အမြင့် ၅ ပေလောက်ပဲရှိတော့တယ်. အခု အဲအတွက် ဘယ်လို သင်္ဘောမျိုးထည့်လုပ်ရင်ရမလဲ အမြန်ဆုံး လုပ်နေပါတယ်"

ဦးချာလီသန်း - မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)

---

"အပြောင်းအလဲကို ထိုင်ခုံပေါ်ကပြောင်းလဲလို့ မရဘူး။ ပုံးစနစ်နဲ့လုပ်တော့ ပိုက်ဆံထည့်တဲ့ ခရီးသည်ရှိတယ်၊ မထည့်တဲ့ ခရီးသည်ရှိတယ်။ ထည့်ချင်တဲ့ ခရီးသည်ကလည်း ကားအရမ်းကျပ်တော့ ပုံးထဲ ပိုက်ဆံသွားမထည့်နိုင်ပြန်ဘူး"

ဦးသိန်းမြင့် -  ၂၉ ယာဉ်လိုင်းပိုင်ရှင်တဦး

---

"ဘာကို အဓိက ပြောင်းတာလဲဆို စနစ်ပြောင်းတာကပါ ယာဉ်ပိုင်ရှင်တဦးချင်းရဲ့ စိတ်ဝင်စားမှုကနေ နိုင်ငံတော်အဆင့်စိတ်ဝင်စားမှုကို ပြောင်းတာပါ"

ဦးအောင်မြင့် - အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့

---

"ကတ်စနစ်ပြောင်းတော့မယ် ဆိုတော့ စပယ်ယာတွေကလည်း နောက် ၃ လနေရင် သူတို့ ငွေမကိုင်ရတော့ရင် အလုပ်မရှိတော့ဘူးဆိုတော့ မသမာမှုတွေလည်း ဖြစ်လာနေတယ်"

ဦးသိန်းမြင့် - ၂၉ ယာဉ်လိုင်းပိုင်ရှင်တဦး

---

"စနစ်ပြောင်းလိုက်တော့ ကုမ္ပဏီတွေက သူတို့လုပ်ပေးပါမယ်လို့ ပြောထားတဲ့အတိုင်း ဖြစ်မလာဘူး. အစိုးရကလည်း ပြည်သူလူထုကိုပဲ သည်းခံခိုင်းနေတယ်. ဘာကြောင့်များ အစိုးရအနေနဲ့ ပြောတဲ့အတိုင်းမလုပ်နိုင်တဲ့ ကုမ္ပဏီတွေကို အရေးမယူခဲ့တာလဲ။ ပြည်သူကို မျက်နှာမှုပါ.ကုမ္ပဏီတွေကို မျက်နှာမမှုပါနဲ့"

ညလယ်မိုး - ဆောင်းပါးရှင်

---